
DISNEY ရဲ့


ကလေးတို့ ဖတ်စရာ မှတ်စရာ စာကမ္ဘာ

# သမင်လေး ဘန်ဘီ

သစ်တောရဲ့ မင်းသားတစ်ပါးအဖြစ် ကြီးထွားဖွံ့ဖြိုးလာတဲ့
သမင်ပေါက်လေးတစ်ကောင်ရဲ့ ဘဝဇာတ်လမ်း



ဖြိုးဝင်းကိုကို
မြန်မာ ပြန် ဆို သည်




PWK0006
900.00 KS

mgyoe.com

Disney ရဲ့ ကလေးတို့ ဖတ်စရာ မှတ်စရာ စာကမ္ဘာ - သမင်လေးဘန်ဘီ၊ ဖြိုးဝင်းကိုကို
စာမျက်နှာ ၂၄ မျက်နှာ၊ ၁၄.၅ စင်တီ× ၂၀.၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၉ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com



Disney ရဲ့
ကလေးတို့ ဖတ်စရာ မှတ်စရာ စာကမ္ဘာ

# သမင်လေး ဘန်ဘီ

ဖြိုးဝင်းကိုကို
မြန်မာပြန်ဆိုသည်

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com



Disney ရဲ့

ကလေးတို့ ဖတ်စရာ မှတ်စရာ စာကမ္ဘာ

# သမင်လေး

# ဘန်ဘီ

သစ်တောရဲ့မင်းသားတစ်ပါးအဖြစ် ကြီးထွားဖွံ့ဖြိုးလာတဲ့

သမင်ပေါက်လေးတစ်ကောင်ရဲ့ဘဝဇာတ်လမ်း

ဖြိုးဝင်းကိုကို

မြန် မာ ပြန် ဆို သည်

mgyoe.com

mgyoe.com



နွေဦးရာသီရဲ့ မနက်ခင်းတစ်ခုမှာပေါ့။ သစ်တောကြီးထဲမှာ စိတ်လှုပ်ရှားဖွယ် ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့တယ်။ တိရစ္ဆာန်တွေနဲ့ ငှက်တွေဟာ သူတို့ရဲ့ မင်းသားသစ်လေးကို ကြိုဆိုဖို့ အပြေးအလွှား ရောက်လာကြတယ်။

မင်းသားသစ်လေးရဲ့ နာမည်ကတော့ 'ဘန်ဘီ' ဖြစ်ပါတယ်။ သူဟာ သစ်တောရဲ့ မင်းသားကြီးဖြစ်တဲ့ တော်ဝင်မျိုးနွယ် သမင်ဖိုကြီးရဲ့ မွေးကင်းစ သားလေး ဖြစ်တယ်။

'ဘန်ဘီ' က သူ့ဘေးပတ်လည်ကို ကြည့်လိုက်တဲ့အခါ ပျော်ရွှင်နေကြတဲ့ အပြုံးမျက်နှာလေးတွေကို တွေ့လိုက်ရတယ်။ ကျွန်တော့်နာမည်က 'သမ်ပါ' လို့ ရင်းနှီးခင်မင်တတ်တဲ့ ယုန်လေးတစ်ကောင်က မိတ်ဆက်လိုက်တယ်။ ဘန်ဘီက ပြန်ပြီး ပြုံးပြလိုက်တယ်။





mgyoe.com

mgyoe.com

သိပ်မကြာခင်မှာပဲ ဘန်ဘီဟာ သူ့ရဲ့အချစ်ဆုံးမိတ်ဆွေ သမ်ပါနဲ့ သစ်တောကြီးထဲကို လေ့လာရေး ထွက်ခဲ့ကြတယ်။ ငှက်ကလေးများက သူတို့ရဲ့ ခေါင်းပေါ်မှာ ပျံဝဲနေတယ်။ သမ်ပါက ငှက်တစ်ကောင်ကို လက်ညှိုး ထိုးပြီး 'ငှက်' လို့ ခေါ်တယ်လို့ ပြောပြတယ်။

ဘန်ဘီက အဲဒီစကားလုံးကို လိုက်ရွတ်ကြည့်တယ်. . .။

'ငှက်' . . .






mgyoe.com

F_2A

mgyoe.com



လိပ်ပြာလေးတစ်ကောင်ဟာ ဘန်ဘီရဲ့ ဘေးကို ပျံဝဲလာတော့ ဘန်ဘီက "ငှက်" လို့ အော်ခေါ်လိုက်တယ်။ မဟုတ်ဘူး . . . ။ ဒါက "လိပ်ပြာ" ပါလို့ သမ်ပါက ရယ်မောပြီး ပြောပြလိုက်တယ်။ ဘန်ဘီက လှပတဲ့ ပန်းကလေး တစ်ပွင့်ဘက်ကို လှည့်ပြီး "လိပ်ပြာ" လို့ အော်ခေါ်လိုက်တယ်။



သမ်ပါက ရယ်မောပြီး ဒါက "ပန်း" ပါလို့ ပြောလိုက်တယ်။



mgyoe.com

F_2B

mgyoe.com

ဘန်ဘီက ပန်းလေးကို ငုံ့နမ်းလိုက်တယ်။ ထို အခါ အဖြူ အနက်၊ အကျား ခေါင်းလေးတစ်ခု ပန်းတွေကြားက ခုန်ထွက်လာတယ်။ ပန်းလေးလို့ ဘန်ဘီက ခေါ်လိုက်ပြန်ပါတယ်။ ဒါက ပန်း မဟုတ်ဘူး။ ရှဉ့်လေးပါလို့ သမ်ပါက ပြန်ပြောလိုက် တယ်။

"ရပါတယ်" လို့ ရှဉ့်လေးက ရှက်ပြီး ပြောလိုက် တယ်။ "သူ ငါ့ကို 'ပန်း' လို့ ခေါ်ချင်ရင်လည်း ခေါ်ပါစေ"လို့ ရှဉ့်လေးက ပြန်ပြောလိုက်ပါတယ်။





mgyoe.com


mgyoe.com

ဘန်ဘီ၊ သမ်ပါနဲ့ ပန်းတို့ဟာ မိတ်ဆွေကောင်းတွေ ဖြစ်သွားကြပါတယ်။

တစ်မနက်မှာ ဘန်ဘီရဲ့ အမေဟာ ဘန်ဘီကို နေရာသစ်တစ်ခုဆီ ခေါ်သွားတယ်။ ကျယ်ပြန့်လှတဲ့ မြက်ခင်းပြင်ကြီးတစ်ခုပါ။

"အမေတို့ ဒီနေရာမှာ အတော်သတိထားရမယ်။ အမေတို့ကို ကွယ်ဝှက်ပေးမယ့် သစ်ပင်တွေ မရှိဘူး" လို့ ဘန်ဘီရဲ့ အမေက ပြောပြတယ်။

ဘန်ဘီက အခြားသမင်ပေါက်လေး တစ်ကောင်နဲ့ တွေ့ပါတယ်။ သူမ နာမည်က 'ဖော်လင်း'တဲ့။ ဘန်ဘီနဲ့ ဖော်လင်းဟာလည်း မိတ်ဆွေတွေ ဖြစ်သွားကြတယ်။






mgyoe.com

mgyoe.com

ဒီအချိန်မှာ မြက်ခင်းပြင်ကြီးကို ဖြတ်ပြီး သမင်တစ်အုပ် ဝင်လာတယ်။ သမင်ဖိုမင်းသားကြီးက ဦးဆောင်ပြီး ဝင်လာတာပါ။ သူက အနီးတစ်ဝိုက်မှာ အန္တရာယ်ရှိနေတာကြောင့် သစ်ပင်တွေရှိတဲ့ နေရာကို ပြေးကြဖို့ လာသတိပေးတယ်။

ညနေပိုင်းရောက်တော့ ဘန်ဘီဟာ သူ့အမေကို စောစောက အန္တရာယ်ဆိုတာ ဘာကိုပြောတာလဲလို့ မေးတယ်။

“သစ်တောထဲ လူတွေ ရောက်နေလို့ အန္တရာယ် ရှိတယ်” လို့ သူ့မိခင်က ပြန်ဖြေလိုက်တယ်။



mgyoe.com



နွေရာသီနဲ့ ဆောင်းဦးရာသီတို့ ကျော်လွန်သွားပြီ ဖြစ်လို့ ရာသီဥတုဟာ ပိုအေးလာတယ်။ တစ်မနက်မှာ ဘန်ဘီအိပ်ရာက နိုးလာတော့ လောကကြီးတစ်ခုလုံး အဖြူရောင် ဖုံးနေတာကို တွေ့လိုက်ရတယ်။ ဘန်ဘီရဲ့ အမေဟာ ဘန်ဘီ အံ့သြနေတာကို မြင်သွားပါတယ်။

"ဒါက နှင်းတွေပါ။ ဆောင်းရာသီ ရောက်ပြီလေ" လို့ ဘန်ဘီ့ကို ပြောပြတယ်။



mgyoe.com

mgyoe.com

ဘန်ဘီဟာ သူ့ရဲ့သူငယ်ချင်း 'သမ်ပါ' ရေခဲနေတဲ့ အိုင်လေးပေါ်မှာ လျှောစီးနေတာကို မြင်ပြီး အံ့သြနေတယ်။

"ရေတွေ ခဲနေတယ်ကွ. . .။ မင်းလည်း လာလျှောစီးလို့ ရတယ်"လို့ သမ်ပါက လှမ်းခေါ်လိုက်တယ်။

ဘန်ဘီဟာ လျှောစီးဖို့ သမ်ပါဆီကို အပြေးသွားလိုက်တယ်။ ဒါပေမဲ့ ဗိုင်းခနဲ မှောက်လျက် လဲကျသွားပါတယ်။ သမ်ပါက ရေခဲပေါ် ဘယ်လို လျှောစီးရမယ်ဆိုတာ ဘန်ဘီ့ကို သင်ပေးပါတယ်။ မကြာမီမှာပဲ ဘန်ဘီဟာ ကျွမ်းကျွမ်းကျင်ကျင်ရရ လျှောစီးနေပါတော့တယ်။





mgyoe.com

mgyoe.com

ဆောင်းရာသီဟာ အစပိုင်းမှာတော့ ပျော်စရာပါ။ ဒါပေမဲ့ အချိန်ကြာလာတာနဲ့အမျှ အစားအစာတွေ ရှားပါးသည်ထက် ရှားပါးလာတယ်။ သစ်ပင်တွေပေါ်က သစ်ခေါက်တွေလောက်သာ ကျန်ပါတော့တယ်။ လေထုအနည်းငယ် နွေးထွေးလာတဲ့အခါ ဘန်ဘီနဲ့ သူ့အမေဟာ မြက်ခင်းပြင်တွေ ရှိရာကို ထွက်လာခဲ့တယ်။ အဲဒီမှာ သူတို့ဟာ နှင်းတွေကြားထဲက တိုးထွက်နေတဲ့ မြက်ပင်လေးတွေကို ဆာလောင်မွတ်သိပ်စွာ စားခဲ့ကြတယ်။



ဘန်ဘီရဲ့အမေဟာ ရုတ်တရက် မော့ကြည့်ပြီး နှာခေါင်းနဲ့ အနံ့ခံကြည့်လိုက်တယ်။ “သစ်တောထဲကို အမြန်ပြန်တော့” လို့ သူ့အမေက ဘန်ဘီ့ကို ခိုင်း လိုက်တယ်။ “မြန်မြန်ပြေး. . .” လို့ အော်ပြောလိုက်တယ်။



mgyoe.com

mgyoe.com

ဘန်ဘီဟာ မြက်ခင်းပြင်ကို ဖြတ်ပြီး ပြေးပါတော့တယ်။ ဒီအချိန်မှာပဲ ဒိုင်းခနဲ အသံကျယ်ကြီးတစ်ခု ကြားရတယ်။

"မြန်မြန်ပြေး . . . လှည့်မကြည့်နဲ့" လို့ သူ့အမေက အော်ပြောလိုက်တယ်။ ဘန်ဘီ ပြေးနေတုန်းမှာပဲ နောက်ထပ် ဒိုင်းခနဲ ထပ်ကြားလိုက်ရပါတယ်။ ကြောက်လန့်ပြီး ဘန်ဘီဟာ သစ်တောရှိရာကို တစ်ဟုန်ထိုး ပြေးပါတော့တယ်။ သစ်တောကို ပြန်ရောက်တဲ့အခါ ဘန်ဘီဟာ သူ့ရဲ့အမေကို ရှာပါတယ်။

"အမေ . . . ဘယ်မှာလဲ" လို့ သူက အော်ခေါ်လိုက်တယ်။ ပြန်ဖြေသံ မကြားရပါဘူး။

"အမေ . . . အမေ"

သမင်ငယ်လေးဟာ ငိုပါတော့တယ်။





mgyoe.com